ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် √၁ / ၂၀၁၈

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်)

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းကို အခွင့်ရစီးပွားရေး လုပ်ငန်းဆောင်ရွက်သူဆိုင်ရာလုပ်ထုံးလုပ်နည်းဟုခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းတွင် ပါရှိသောစကားရပ်များသည် ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်း အပိုဒ် ၃ ပါစံသတ်မှတ်ချက်များနှင့် ကိုက်ညီပြီး နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွင်းဆက်တွင် ဆောင်ရွက်နေသည့် အကောက်ခွန်ဦးစီးဌာနမှ တရားဝင် အသိအမှတ်ပြုထားသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ခ) နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွင်းဆက် ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတွင် ကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုကို စတင်ရောင်းချသူထံမှ သုံးစွဲသူထံသို့ရောက်ရှိစေရန် ပါဝင်သည့်အဖွဲ့အစည်းများ၊လုပ်ငန်းဆောင်ရွက်ချက်များ၊ နည်းပညာဆိုင်ရာများ၊ အရင်းအမြစ်များ ပါဝင်သော ကုန်သွယ်မှုဆိုင်ရာစနစ်ကို ဆိုသည်။

## အခန်း(၂)
## အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ်အသိအမှတ်ပြုခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ

၃။ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်လိုသူသည် -

(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ သတ်မှတ်ထားသော ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်းလုပ်ကိုင်ခွင့် သို့မဟုတ် လိုင်စင်ဆိုင်ရာကိစ္စရပ်များအတွက် သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိရမည်။

(ခ) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှ အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူအဖြစ် စတင်လျှောက်ထားသည့် နေ့ရက်အထိ ကာလသည် အနည်းဆုံး သုံးနှစ်ရှိရမည်။

(ဂ) အကောက်ခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို အမြဲလိုက်နာသူ ဖြစ်ရမည်။

(ဃ) ကုမ္ပဏီ၏ တရားဝင်ဘဏ္ဍာရေးရှင်းတမ်းအမှန်နှင့် အစီရင်ခံစာများကို ကုမ္ပဏီ စတင်တည်ထောင်သည့် အချိန်မှစ၍ နှစ်စဉ် ထုတ်ပြန်ထားရမည်။

(င) လုပ်ငန်းနှင့်ပတ်သက်၍ စာရင်းဇယားအချက်အလက်များ၊ ငွေစာရင်းဆိုင်ရာ အချက်အလက်များကိုခုနစ် နှစ်အထိ ထိန်းသိမ်းထားရမည်။

(စ) ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာ မှတ်တမ်းအချက်အလက်များ၊ စနစ်များ၊လုပ်ငန်းစဉ်များနှင့် အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ်နှင့်ပတ်သက်သည့် ကိစ္စရပ်များတို့အား မှတ်တမ်းထိန်းသိမ်းရာတွင် အကောက်ခွန်ဦးစီးဌာနမှ လက်ခံနိုင်သော ထိန်းသိမ်းမှုစနစ်ကောင်းရှိရမည့်အပြင် အဖွဲ့အစည်းအတွင်း ကောင်းမွန်သော ထိန်းချုပ်မှုရှိရမည်။

(ဆ) အကောက်ခွန်ဦးစီးဌာနက စည်းကြပ်ကောက်ခံသည့်အခွန်အခ အရပ်ရပ်နှင့် နိုင်ငံတော်သို့ ပေးဆောင်ရန် တာဝန်ရှိသည့် အခြားအခွန်အခများကို အချိန်နှင့် တစ်ပြေးညီပေးဆောင်ထားရမည်။

(ဇ) ငွေကြေးဆိုင်ရာ တောင့်တင်းခိုင်မာမှု ရှိရမည်။

(ဈ) အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူအဖြစ် လျှောက်ထားခြင်း မပြုမီ သုံးနှစ်အတွင်းနှင့် အသိအမှတ်ပြုလက်မှတ်မထုတ်ပေးမီ ကာလအတွင်း အကောက်ခွန်ဆိုင်ရာ ဥပဒေနှင့်ဆက်စပ်ဥပဒေများအရ ပြစ်မှု၊ ပြစ်ဒဏ်ကျခံရမှုမရှိခြင်း၊ အမည်ပျက် (black list) စာရင်းသွင်းခံရမှုမရှိခြင်း၊ ကုန်ပစ္စည်းတင်သွင်း၊ တင်ပို့သည့် လုပ်ငန်းစဉ်များကို မှန်ကန်စွာကြေညာခြင်း၊ စီးပွားရေးဆိုင်ရာမသမာမှု ကျော်ဇောသတင်းမရှိခြင်း စသည့်အချက်များနှင့် ပြည့်စုံရမည်။

(ည) လိုအပ်သည့်အချိန်တွင် ကြည့်ရှုစစ်ဆေးရန် ကြိုတင်အကြောင်းကြားလာပါက မည်သည့်နေရာကိုမဆို စစ်ဆေးခံနိုင်ရမည်။

## အခန်း(၃)
## အကျိုးခံစားခွင့်များ

၄။ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအနေဖြင့်ရရှိနိုင်သော အကျိုးခံစားခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) အကောက်ခွန်ကြေညာလွှာများကို ဦးစားပေးအဆင့်အတန်းဖြင့် သတ်မှတ်ဆောင်ရွက်ခွင့်ရရှိခြင်း

(ခ) ကုန်ပစ္စည်းမရောက်ရှိမီ သွင်းကုန်၊ ထုတ်ကုန် ကြေညာလွှာများကို ကြိုတင်တင်သွင်းခွင့်ရရှိခြင်း

(ဂ) တရားမဝင်တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်းဆိုင်ရာ ကာကွယ်တားဆီးရေး၊ တိုက်ဖျက်ရေး လုပ်ငန်းစဉ်များအတွက် အကျိုးဝင်သည့် ဆုံးရှုံးမှုအလားအလာရှိသော ကိစ္စရပ်များမှအပ စာရွက်စာတမ်းစစ်ဆေးခြင်း သို့မဟုတ် ကုန်ပစ္စည်းများအား စစ်ဆေးခြင်းများမပြုလုပ်ဘဲ အကောက်ခွန်လုပ်ငန်းဆိုင်ရာ ရှင်းလင်းမှုများရရှိခြင်း

(ဃ) စစ်ဆေးရန်လိုအပ်သည့် ကိစ္စရပ်များတွင် ဦးစားပေး စစ်ဆေးခွင့်ရရှိခြင်း

(င) တင်သွင်း၊ တင်ပို့သူ၏ ပရဝုဏ် သို့မဟုတ် အကောက်ခွန်ဦးစီးဌာနမှ ခွင့်ပြုသော အခြားနေရာများတွင် ကုန်စည်များနှင့် သက်ဆိုင်သည့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိခြင်း

(စ) ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တစ်လအတွင်း ဆိုင်းငံ့အခွန်ငွေပေးချေခြင်းစနစ် (Deferred Duty Payment System) ဖြင့် ဆောင်ရွက်ခွင့် ရရှိခြင်း

(ဆ) အကောက်ခွန်ဦးစီးဌာန၏ အသိအမှတ်ပြု လက်မှတ်ချီးမြှင့်ခံရခြင်းနှင့် အသိအမှတ်ပြု တံဆိပ် (Logo) ကို သတ်မှတ်ချက်များနှင့်အညီ တပ်ဆင်ဆောင်ရွက်ခွင့်ရရှိခြင်း

(ဇ) အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာန၊ အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူများဌာနစုကို မေးမြန်းနိုင်ခြင်း

## အခန်း(၄)

## အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် လျှောက်ထားခြင်း၊စစ်ဆေးခြင်း၊ငြင်းပယ်ခြင်းနှင့် အသိအမှတ်ပြုခြင်း

၅။ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် လျှောက်ထားလိုသူသည် သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် အကောက်ခွန်ဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဝက်ဘ်ဆိုဒ်မှဖြစ်စေ၊ စာတိုက်မှဖြစ်စေ လျှောက်ထားနိုင်သည်။

၆။ အကောက်ခွန်ဦးစီးဌာနသည် လျှောက်လွှာပါ အချက်အလက်များမှာ အခန်း (၂) ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်၍ပြည့်စုံမှန်ကန်မှု မရှိပါက ယင်းအချက်များကို ဖော်ပြပြီးပြန်လည်ပြင်ဆင်စေ၍ ထပ်မံလျှောက်ထားနိုင်ကြောင်း လျှောက်ထားသူထံသို့ အကျိုးအကြောင်းဖော်ပြ အကြောင်းကြားရမည်။ ပြည့်စုံမှန်ကန်ပါ ကအကြိုသွားရောက်စစ်ဆေးနိုင်ရန် လျှောက်ထားသူထံသို့ ကြိုတင်အကြောင်းကြားရမည်။

၇။ အကောက်ခွန်ဦးစီးဌာနသည် ကြိုတင်စစ်ဆေးသည့်အခါ အခွင့်ရစီးပွားရေး လုပ်ငန်းဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/ မရှိ အကဲဖြတ်နိုင်ရန်နှင့် တွေ့ရှိရသည့်အားနည်းချက်များ၊ လိုအပ်ချက်များ၊ အခက်အခဲများရှိပါက လျှောက်ထားသူအနေဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကူညီပံ့ပိုးပေးရမည်။

၈။ ဤလုပ်ထုံးလုပ်နည်းအပိုဒ် ၃ ပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက အကောက်ခွန်ဦးစီးဌာနသည် လျှောက်ထားသူကို အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရမည်။

၉။ အကောက်ခွန်ဦးစီးဌာနသည် ဤလုပ်ထုံးလုပ်နည်း အပိုဒ် ၃ ပါ စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါက လျှောက်ထားသောကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား ငြင်းပယ်ကြောင်းကို အကျိုးအကြောင်းနှင့်အတူ အသိပေးရမည်။ ငြင်းပယ်ခံရသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် အသိအမှတ်ပြု စံသတ်မှတ်ချက်များနှင့် ကိုက်ညီပါက ငြင်းပယ်ခံရသည့်နေ့ရက်မှစ၍ (၆) လပြည့်သည့်အခါတွင် ပြန်လည်လျှောက်ထားနိုင်သည်။

၁၀။ အကောက်ခွန်ဦးစီးဌာနသည် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုထားသူများစာရင်းကို သင့်လျော်သည့်နည်းလမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။ ယင်းသို့ထုတ်ပြန်ကြေညာသည့် စာရင်းကို ကုန်သွယ်မှုနှင့်ဆက်စပ်သည့် အစိုးရဌာန၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့များသို့ အသိပေးအကြောင်းကြားရမည်။

၁၁။ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုခံရသူသည် ခွင့်ပြုသည့်နေ့မှစ၍ သုံးနှစ်လျှင်တစ်ကြိမ် အကောက်ခွန်ဦးစီးဌာနသို့ အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ်အား သက်တမ်းတိုးလျှောက်ထားရမည်။

၁၂။ အကောက်ခွန်ဦးစီးဌာနသည် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူမှ အသိအမှတ်ပြုလက်မှတ်အား သက်တမ်းတိုး လျှောက်ထားလာသည့်အခါ ဤလုပ်ထုံးလုပ်နည်း အပိုဒ် ၁၄ ပါ စောင့်ကြည့်အကဲဖြတ်ချက် အစီရင်ခံစာအရ စံသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိသည်ကိုတွေ့ရပါက ဆက်လက်အသိအမှတ်ပြုကြောင်း အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ အသိအမှတ်ပြု သက်တမ်းတိုး လက်မှတ်အားထုတ်ပေးရမည်။

၁၃။ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုခံထားရသူသည်ဤလုပ်ထုံးလုပ်နည်း အပိုဒ် ၃ ပါ စံသတ်မှတ်ချက်များကို ဆက်လက်လိုက်နာရမည်။ ထို့အပြင် ၎င်းတို့၏လုပ်ငန်းပိုင်းဆိုင်ရာ သဘောတူညီချက်များ၊စာချုပ်စာတမ်းများ၊ ဖွဲ့စည်းပုံ၊ ဒါရိုက်တာများ၊ ဘုတ်အဖွဲ့ဝင်များ၊ လုပ်ငန်းဆောင်ရွက်သည့် နည်းစနစ်များ၊ လုပ်ငန်းစဉ်များ ကဲ့သို့သောမည်သည့်ပြောင်းလဲမှုမျိုးကိုမဆို အကောက်ခွန်ဦးစီးဌာနသို့ အသိပေးအကြောင်းကြားရမည်။

## အခန်း(၅)
## စောင့်ကြည့်အကဲဖြတ်ခြင်း

၁၄။ အကောက်ခွန်ဦးစီးဌာနသည် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုခံရသူကို အောက်ပါဆောင်ရွက်ချက်များဖြင့် စောင့်ကြည့်အကဲဖြတ်ရမည်-

(က) ပရဝုဏ် အတွင်းသို့ ဝင်ရောက်စစ်ဆေးခြင်း

(ခ) စာရင်းအင်းဆိုင်ရာ ထိန်းသိမ်းရေးစနစ်ကို စစ်ဆေးခြင်း

(ဂ) ကုမ္ပဏီအတွင်း ထိန်းချုပ်မှုစနစ်ကို စစ်ဆေးခြင်း

(ဃ) အကောက်ခွန်ဦးစီးဌာန၏သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်ညီညွတ်ရန် ပြင်ဆင်ရမည့် လုပ်ဆောင်ချက်များကို စစ်ဆေးခြင်း

(င) ပုံမှန်နောင်းစာရင်းစစ်ဆေးခြင်း(အကောက်ခွန်ဦးစီးဌာန၊ နောင်းစာရင်းစစ်ဆေးရေးဌာနစိတ်(Post Clearance Audit Section) မှ စာရင်းစစ်ဆေးခြင်း)

(စ) အခြားရရှိနိုင်မည့် သတင်းအချက်အလက်များကို ရယူစစ်ဆေးခြင်း

## အခန်း(၆)
## ပြန်လည်ရုပ်သိမ်းခြင်းနှင့် ထပ်မံလျှောက်ထားခြင်း

၁၅။ အကောက်ခွန်ဦးစီးဌာနသည် အောက်ပါအချက်တစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိပါက အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူအဖြစ် အသိအမှတ်ပြုထားခြင်းကို ရုပ်သိမ်းနိုင်သည်-

(က) ဤလုပ်ထုံးလုပ်နည်း အပိုဒ် ၁၄ ပါ စောင့်ကြည့်အကဲဖြတ်ချက် အစီရင်ခံစာအရ စံသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိသည်ကို တွေ့ရှိရခြင်း

(ခ) အကောက်ခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို လိုက်နာမှုမရှိခြင်း

(ဂ) ဤလုပ်ထုံးလုပ်နည်း အပိုဒ် ၃ ပါ စံသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိသည်ကို တွေ့ရှိရခြင်း

(ဃ) အကောက်ခွန်ဦးစီးဌာနမှ စာရင်းစစ်ဆေးမှုအရ ပြင်ဆင်ရန် ညွှန်ကြားသည့် အချက်များကို လိုက်နာမှုမရှိခြင်း

၁၆။ အကောက်ခွန်ဦးစီးဌာနသည် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ်မှ ပြန်လည်ရုပ်သိမ်းပါက အကြောင်းရင်းကိုဖော်ပြ၍ ရုပ်သိမ်းခြင်းခံရသူထံသို့ အသိပေးအကြောင်းကြားရမည်။ ယင်းသို့ ရုပ်သိမ်းသည့်အမည်စာရင်းကို ကုန်သွယ်မှုနှင့် ဆက်စပ်သည့် အစိုးရဌာန၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့များသို့ အသိပေးအကြောင်းကြားရမည်။

၁၇။ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ်မှ ရုပ်သိမ်းခြင်းခံရသူသည် အသိအမှတ်ပြုလက်မှတ်ကို အကောက်ခွန်ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

၁၈။ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ်မှ ရုပ်သိမ်းခြင်းခံရသော ကုမ္ပဏီသို့မဟုတ် အဖွဲ့အစည်းသည် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် ပြန်လည်လျှောက်ထားမည်ဆိုပါက ရုပ်သိမ်းခြင်းခံရသည့်နေ့မှစ၍ (၃)နှစ် ပြည့်သည့်အချိန်၌ ဤလုပ်ထုံးလုပ်နည်းအပိုဒ် ၃ ပါ စံသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိလျှင် မူလစတင်လျှောက်ထားသူအဖြစ်မှတ်ယူ၍ အကောက်ခွန်ဦးစီးဌာနသို့ ပြန်လည်လျှောက်ထားနိုင်သည်။

ကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး

---------------------o---------------------

စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၃/၁ (၂၂၁၅ /၂၀၁၈)
ရက် စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
အကောက်ခွန်ဦးစီးဌာန၊စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန၊စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ကျန်ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဦးစီးဌာနသို့ မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေငြာပေးပါရန်
မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(မောင်မောင်ဝင်း၊ ဒုတိယဝန်ကြီး)